နောင်မို ကျေးရွာ
ဟိုပန် မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်မို ကျေးရွာ၊ ဟိုပန် မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၈ ခုနှစ်၊ ဇွန် လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၃
၂။	ကျေးရွာ သယံဇာတပြန်လည်ပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၁
၈။	ကျန်းမာရေး	၁၁
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၂
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၂
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၂
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၈

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ခုနှစ်မှ ၂၀၂၂ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကို လည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဇွန် လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နောင်မို ကျေးရွာ
ဟိုပန်မြို


ဟိုပန် မြို့နယ်၊ နောင်မို ကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန် မြို့နယ်၊ နောင်မို ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ဟိုပန် မြို့နယ်၊ နောင်မို ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နောင်မိုကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ နောင်မိုကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့နယ်၏ အရှေ့ဘက် (၁/၅)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် နောင်အွန်ကျေးရွာ၊ တောင်ဘက်တွင် လယ်ကွင်းများရှိပြီး၊ အရှေ့ဘက်တွင် ကောင်းကော်ကျေးရွာ၊ အနောက်ဘက်တွင် ပန်လေ့ကျေးရွာ စသည်တို့ တည်ရှိပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများ အများစုနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရာသီဥတုမှာ ပူအိုက်စိုစွတ်သော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၈၇)ဧက၊ ယာမြေ/တောင်ယာမြေ (၃၃.၅)ဧက၊ ကိုင်း/ကျွန်းမြေ (၆)ဧကရှိပါသည်။ များသောအားဖြင့် မေ လတွင် မိုး စတင်ရွာသွန်းပြီး၊ အောက်တိုဘာ လတွင် မိုးကုန်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၅၉)၊ လူဦးရေ (၃၀၃)ဦးရှိပြီး၊ ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၅.၁၄)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်း အထက်တွင် ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်စုစုပေါင်း (၄)ဦး၊ (၁.၃၂ %)နှင့် သက်ကြီးရွယ်ကြီး (၁၆)ဦး၊ (၅.၂၈ %)ရှိပါသည်။ (၅)နှစ်အောက် ကလေးငယ် (၁၉)ဦး၊ (၆.၂၇ %)ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေသည် (၂၁၁)ဦး၊ (၆၉.၆၄ %)ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့အပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၀.၃၃ %)ခန့်သာ များပြားပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိပြီး ကျေးရွာအဆင့်ကော်မတီ ဖွဲ့စည်း၍ အသင်းဝင်များအား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းတို့ အတွက် ချေးငွေ ထုတ်ချေးပေးခြင်းဆောင်ရွက်ပေးပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့တို့မှာ အချင်းချင်း ချိတ်ဆက်၍ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအား ပေါင်းစပ်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဘုန်းကြီးကျောင်းကော်မတီဖွဲ့စည်းထားပြီး ဘုန်းကြီးကျောင်းအတွက်လိုအပ်သော လျှပ်စစ်မီး၊ ကျောင်းဆောင်၊ အိမ်သာနှင့် အခြားလိုအပ်သောချက်များကို အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ကာ အဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး၊ ကျေးရွာ၏ အိမ်ထောင်စု (၄)ပုံ (၁)ပုံခန့် ရှိသော (၁၇)စုမှာ မြေယာပိုင်ဆိုင်ခြင်း မရှိပါ။ အဓိကအားဖြင့် ပြောင်း၊ တရုတ်ပဲမျိုးများကို စိုက်ပျိုးကြပြီး၊ စပါးကို အနည်းငယ်သာ စိုက်ပျိုးကြပါသည်။ လယ်ယာမြေအသုံးချနိုင်မှု အနေဖြင့် ကျေးရွာပိုင် လယ်/ယာ မြေများသာမက နီးစပ်ရာကျေးရွာများရှိ လယ်ယာမြေများနှင့် အခြား ကျေးရွာများရှိ ကိုင်းမြေများလည်း ငှားရမ်းလုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် လယ်မြေများကို ချောင်းရေကို ရေသွင်းမြောင်းမှ ရေသွင်း စိုက်ပျိုးကြပြီး၊ ယာမြေများသည် မိုးရေကိုသာ အဓိကမှီခိုအားထားနေရသောကြောင့် ရာသီဥတု မမှန်သော နှစ်များတွင် အခက်အခဲရှိပါသည်။ လယ်မြေစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရေသွယ်မြောင်းအား နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးနေရပါသည်။

ကျေးရွာတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု တစ်ဝက် ကျော်သည် လက်တွန်းထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ ကျန်အိမ်ထောင်စုများမှာ လက်တွန်း ထွန်စက်ငှားရမ်း သုံးစွဲကြပြီး၊ ကျွဲ များဖြင့်လည်း ထွန်ယက်ခြင်း ဆောင်ရွက်ကြပါသည်။ ခွေလှေ့စက်(၂၅)လုံး၊ ရေစုပ်စက် (၄)လုံး၊ မြတ်ရိတ်စက် (၃၀)လုံး ပိုင်ဆိုင်ကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးများနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများအား ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့တို့မှ တိုက်ရိုက်တယ်ယူသုံးစွဲကြပါသည်။ သဘာဝမြေဩဇာများ အသုံးပြု စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာမှ ထွတ်ရှိသော စိုက်ပျိုးရေးထွတ်ကုန်များကို ဟိုပန်မြို့နှင့် ချင်းရွှေဟော်မြို့ တို့၌ သွားရောက်ရောင်းချကြပါသည်။ တရုတ်ပဲထောင့်ရှည်နှင့် အတိုမျိုး ထွတ်ကုန်များအား ကိုယ်စားလှယ်များမှ ကျေးရွာတွင် လာရောက်ကောက်ယူကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းအား တစ်နိုင်တစ်ပိုင် ဆောင်ရွက်နေသော အိမ်ထောင်စု အချို့ ရှိပါသည်။ အများအားဖြင့် ကျွဲ၊ ကြက်၊ ဘဲ တို့ကို မွေးမြူကြပါသည်။ ကျွဲများအား လုပ်ငန်းသုံး မွေးမြူကြပြီး၊ ကြက်နှင့် ဘဲ တို့အား မိသားစုစားသုံးရန်သာ အနည်းငယ် မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအပြင် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် နေအိမ်၌ အသေးစား ကုန်ခြောက်ပစ္စည်းများရောင်းချခြင်း၊ ခေါက်ဆွဲနှင့် အခြားစားသောက်ဖွယ်ရာများ ရောင်းချခြင်း စသည့် လုပ်ငန်းများသာ လုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဟိုပန်မြို့ပေါ်၌ မြန်မာ့စီးပွားရေးဘဏ်(ငွေတိုက်ခွဲ)နှင့် သမဝါယမချေးငွေတို့ရှိသော်လည်း ချေးငွေများ ချေးယူခြင်း မရှိကြပါ။ ကျေးလက်ဦးစီးဌာနမှ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင် ကျေးရွာစီမံကိန်းရှိပြီး ကျေးရွာအဆင့် ကော်မတီဖွဲ့စည်းပေးထားပြီး သက်မှတ်ထားသော လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးခြင်း ဆောင်ရွက်ပေးပါသည်။ အရင်းငွေကို (၁)နှစ်အတွင်း(ဆပ်)၊ အတိုးနှုန်းအား (၁)ကျပ်တိုးနှုန်းသက်မှတ်ပြီး၊ အတိုးဆပ်ကာလ (၆)လ (၁)ကြိမ် ပေးဆပ်နိုင်ရေး ဆောင်ရွက်ထားပါသည်။ မိတ်ဆွေးများနှင့် ဆွေမျိုးများထံမှ ချေးယူပါက (၃)ကျပ်မှ (၅)ကျပ်တိုးနှုန်း ပေး၍ ချေးငွေရယူ ရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ထုတ်ချေးခြင်းသာ ပြုလုပ်ကြပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းနှင့် ဖြုန်းရောမြေသားလမ်းများ၊ ကျေးရွာအဝင်လမ်းကို နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ပေအရှည် (၄၀၀)ပေနီးပါး ခင်းထားပါသည်။ ရွာချင်းဆက်လမ်း (၁)လမ်းရှိပြီး ပန်လေ့ကျေးရွာနှင့် ချိတ်ဆက်ထားသော မြေသားလမ်းရှိပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စု အများစုတွင် ဆိုင်ကယ်များပိုင်ဆိုင်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စု အချို့တွင် ကား၊ ထော်လာဂျီများ ပိုင်ဆိုင်ကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် လျှပ်စစ်မီး ဓါတ်တိုင်များရှိပြီး ပန်မွန်း(ရေအား)မှ လျှပ်စစ်မီးထုတ်လွှတ်ပေးနေပြီး၊ ပုံမှန်သုံးစွဲနိုင်ခြင်းမရှိဘဲ (၁)ရက်လျှင် ည/မနက် (၁)နာရီလောက်သာ လျှပ်စစ်မီးပေးနိုင်ပါသည်။ တစ်ခါတစ်ရံ (၁)ပတ်မှ (၁)လကျော်ခန့် လျှပ်စစ်မီးမရရှိပါ။ ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ NEP စီမံကိန်းဖြင့် ပေးထားသော ဆိုလာပြားများ သုံးစွဲသည့် အိမ်ထောင်စု(၅၀)စု ရှိပါသည်။ အဆင်ပြေသော အိမ်ထောင်စု(၃)မှာ ဒီဇယ်အင်ဂျင် သုံးစွဲကြပါသည်။ လျှပ်စစ်မီး မသုံးစွဲနိုင်သည့် အိမ်ထောင်စု (၃)စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအနီးတွင် ဖုန်းတာဝါတိုင်ရှိပြီး MPT, Mytel, Telenor နှင့် Ooredoo ဖုန်းလိုင်းများ မိပါသည်။ အင်တာနက်လိုင်းမှာ 3G ရရှိပြီး ကျေးရွာထဲ အချို့နေရာများတွင် အင်တာနက်လိုင်း မကောင်းပါ။

၇။ ပညာရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိသောကြောင့် ကောင်းကော်ကျေးရွာရှိ မူလွန်ကျောင်းသို့ သွားရောက် ပညာသင်ကြားကြရပြီး လက်ရှိတွင် ၎င်းကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား/သူ ဦးရေ စုစုပေါင်း (၄၆)ဦးရှိပါသည်။ ကျေးရွာအတွင်းမှ အထက်တန်းကျောင်း သင်ကြားနေသူ (၆)ဦးရှိပြီး ဟိုပန်မြို့ပေါ်ရှိ အထက်တန်းကျောင်းတွင် သွားရောက် ပညာသင်ကြားလျက်ရှိပါသည်။

ကျေးရွာအနီးရှိကျောင်းသည် မူလွန်ကျောင်းဖြစ်သောကြောင့် ကျေးရွာတွင်းရှိ ကျောင်းသား/သူ အများစုသည် အလယ်တန်းအဆင့်ထိသာ တက်ရောက်ပညာသင်ကြားကြပါသည်။ ကျောင်းသားအချို့မှာ ပညာရေးစိတ်တင်စားမှု အားနည်းခြင်း၊ မိသားစုအတွင်း ငွေကြေးအဆင်မပြေခြင်း စသည်တို့ကြောင့် အလယ်တန်း အောင်မြင်ပြီးပါက ကျောင်းထွက်ကာ မိဘတို့၏ စိုက်ပျိုးရေးလုပ်ငန်းများ၌ ဝင်ရောက်ကူညီ လုပ်ကိုင်ပေးကြပါသည်။ ကျောင်းသား/သူ ကိုယ်တိုင် ပညာရေးဘက်စိတ်ဝင်စားမှုရှိခြင်း၊ မိဘတို့လည်း ငွေကြေး အဆင်ပြေသော အိမ်ထောင်စုများမှာ အထက်တန်းပညာကို ဆက်လက်သင်ကြားကြပါသည်။

လက်ရှိတွင် ကျေးရွာအတွင်းရှိ လူဦးရေ၏ (၄၄.၁)ရာခိုင်နှုန်းသည် စာမတတ်ကြပါ။ အများစုသည် သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ ကျေးရွာတွင် တက္ကသိုလ်ဘွဲ့ရ မရှိသောကြောင့် ပညာရေးအခြေအနေ အားနည်းလျက်ရှိပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသော်လည်း အုပ်စုအတွင်းရှိ (၁/၄)မိုင်ခန့်ကွာဝေးသော ကောင်းကော်ကျေးရွာ ကျေးလက်ဆေးပေးခန်းတွင် တစ်နှစ်လျင် (၄)ကြိမ်ခန့်ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးပါသည်။

ကျေးရွာနှင့် အနီးဆုံးဆေးပေးခန်းအဖြစ် ကျေးရွာနှင့် (၁/၄)မိုင်ခန့်ဝေးသော ကောင်းကော်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းရှိသော်လည်း အများအားဖြင့် ကျေးရွာနှင့် (၁/၄)မိုင်ခန့်ကွာဝေးသော ဟိုပန်မြို့ ဆေးရုံသို့ သွားရောက်၍ ဆေးကုသကြပါသည်။

ကျေးရွာရှိ သက်ကြီးရွယ်ကြီးများ၊ လူလတ်ပိုင်းအများစုတို့၌ သွေးတိုးရောဂါဖြစ်ပွားမှုများ အနည်းငယ်ရှိပါသည်။ ဝမ်းပျက်ဝမ်းလျှောခြင်း၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားနှင့် အသည်းရောင်ရောဂါ(ဘီစီ)ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ခါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ အများဆုံး သုံးစွဲလျက်ရှိသောကြောင့် မြေဆီမြေဩဇာများ ပျက်စီးမှုများရှိပါသည်။ ကျေးရွာအတွင်းရှိ စွန့်ပစ်ပစ္စည်းများအား မိမိတို့ အစီအစဉ်ဖြင့်သာ မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာ၏ အပြင်နီးစပ်ရာ စွန့်ပစ်နေရာများ၌ သွားရောက်စွန့်ပစ်ခြင်းများ ပြုလုပ်ကြပြီး၊ ယခုအချိန်တွင် ကျေးရွာရှိ ရပ်မိရပ်ဖများအနေဖြင့် အမှိုက်စွန့်ပစ်ရန် နေရာသက်မှတ်ကာ စနစ်တကျစွန့်ပစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ရှေးရိုးစွဲ အယူအဆများနှင့် အမျိုးသမီးများကိုယ်တိုင်လည်း ခေါင်းဆောင်ပါဝင်ရန် စိတ်ဝင်စားမှု နည်းပါးသည့် အတွက် အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု နည်းပါးလျက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအနားယူ အပန်းဖြေရာနေရာများ မရှိဘဲ၊ ရာသီအလိုက် ပွဲတော်များဖြစ်သော သင်္ကြန်ပွဲ၊ ကထိန်ပွဲ၊ သီတင်းကျွတ်နှင့် တပေါင်းပွဲများသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများနှင့် လူငယ်လူရွယ်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ ရိုးရာဓလေ့ ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် မူးယစ်ဆေးသုံးစွဲခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိ စေရေးအတွက် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်ကြပါသည်။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း	၁	Â				
၂	ချောင်းဆည်ပြုပြင်ခြင်းလုပ်ငန်း	၂		Â			
၃	ကျောက်ချောလမ်းခင်းခြင်း	၃	Â	Â	Â	Â	Â
၄	ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်း	၄			Â		
၅	ရေပိုက်များ ပြန်လည်ပြင်ဆင်ခြင်း	၅		Â			

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	– နောင်မို ကျေးရွာ
ကျေးရွာအုပ်စု	– နောင်မို ကျေးရွာအုပ်စု
မြို့နယ်	– ဟိုပန် မြို့နယ်
တိုင်း/ပြည်နယ်	– ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည်	**– ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
ကျေးရွာတွင်း ရပ်ရေးရွာရေး ကိစ္စရပ်များတိုင်ပင်ဆွေးနွေးရန် စုရပ်မရှိခြင်း၊ ရွာလူကြီးအိမ်တွင် ပြုလုပ်ရခြင်းများရှိသော်လည်း နေရာ ထိုင်ခင်း အဆင်မပြေမှုများရှိပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာအစည်းအဝေးများ၊ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများမှပြုလုပ်သော အစည်းအဝေးပွဲများအား ဤခန်းမထဲတွင် နေရာထိုင်ခင်းအဆင်ပြေချောမွေ့စွာ လက်ခံကျင်းပလာနိုင်မည်ဖြစ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)	
ရပ်ရေးရွာရေး ကိစ္စရပ်များတိုင်ပင်ဆွေးနွေးခြင်း၊ ဘာသာရေးပွဲလမ်းသဘင်များနှင့် အခြားကျင်းပပြုလုပ်နိုင်သော ကိစ္စရပ်များအား လက်ခံကျင်းပပြုလုပ်လာနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း အရှည်ပေ – ၄၈' အကျယ်ပေ – ၂၄' အမြင့်ပေ – ၁၅'	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• (ငွေသား) သိန်း(၁၀၀) ကျပ် • (ပစ္စည်း + လုပ်အား) (၆၂.၂)သိန်း ကျပ်	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၅၂	၁၅၁	၃၁၃	၉	၃၄	၁၅	၁	၅၉
အကျိုးခံစားမည့်သူဦးရေ	၁၅၂	၁၅၁	၃၁၃	၉	၃၄	၁၅	၁	၅၉
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- ကျေးရွာရပ်မိရပ်ဖများ
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးပေးပါမည်။

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၇/၂၀၁၈

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၉/၂၀၁၈

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း(ကျေးရွာခန်းမလုပ်ငန်း)တွင် လုပ်အား/ငွေအား ပါဝင်လာစေရန် ရပ်မိ/ရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ တိုက်တွန်းနှိုးဆော်သွားမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ရပ်မိ/ရပ်ဖအဖွဲဝင်များ ပါဝင်ခြင်းဖြင့် ဘက်စုံသုံး ကျေးရွာခန်းမတည်ဆောက်ခြင်းလုပ်ငန်း၊ ပြီးစီးသွားသောလုပ်ငန်းပြင်ဆင် ထိန်းသိမ်းခြင်းအား ကျေးရွာသူ/သားများ စုပေါင်း ပြုပြင်ဆောင်ရွက်သွားမည်။

နောက်ဆက်တွဲ (၁)

နောင်မို ကျေးရွာ ၊ နောင်မို ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးမောင်အိုက်	ဦးဟိုကျန်	၁၃/ဟပတ(နိုင်) ၀၀၅၇၈၄	၅၅	ဥက္ကဋ္ဌ	
၂။	ဒေါ်အေးအီ	ဦးအိုက်ရီ	၁၃/ဟပတ(နိုင်) ၀၁၉၉၁၁	၃၇	အတွင်းရေးမှူး	
၃။	ဒေါ်အေးပွင့်	ဦးအေးအိုက်	၁၃/ဟပတ(နိုင်) ၀၂၄၇၃၉	၂၄	စာရင်းကိုင်	
၄။	ဦးအိုက်ရီ	ဦးဆန်မန်	၁၃/ဟပတ(နိုင်) ၀၀၄၉၁၈	၅၄	ဘဏ္ဍာရေးမှူး	
၅။	ဦးဝင်းလှိုင်ဦး	ဦးစိန်မြင့်	၁၃/ဟပတ(နိုင်) ၀၁၉၆၄၂	၃၃	သေ့ကိုင်(၁)	
၆။	ဦးဆန်ဆိုင်	ဦးအင်ကျင်း	၁၃/ဟပတ(နိုင်) ၀၀၄၈၇၂	၅၁	သေ့ကိုင်(၂)	
၇။	ဦးမောင်ညီ	ဦးဆန်ညီ	၁၃/ဟပတ(နိုင်) ၀၂၀၃၄၀	၄၁	အဖွဲ့ဝင်	

နောက်ဆက်တွဲ(၂)

နောင်မို ကျေးရွာအုပ်စု၊ နောင်မို ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁)ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က)လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၂	၄
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၄	၅	၁၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၇	၉	၂၆
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၅	၂၂	၃၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၉၉	၁၀၂	၂၁၁
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၁၁	၁၆
စုစုပေါင်း		၁၅၂	၁၅၁	၃၀၃
စုစုပေါင်း အိမ်ထောင်စု				၅၉

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ တစ်နှစ်အောက်ကလေးများအား ကောင်းကောင်ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကာကွယ်ဆေး ထိုးနှံခြင်းကိုဆောင်ရွက်ပေးပါသည်။ (၅)နှစ်ပြည့်လျှင် အုပ်စုအတွင်းရှိ ကောင်းကော် (အ.လ.က-ခွဲ)ကျောင်း သို့သွားရောက် ပညာသင်ကြားကြပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနှိုက်တစ်ခုကိုသာရွေးရန်။)
		အဓိကအလုပ်	မိသားစုဝင်လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၂	၁၀၉	၀	မြင့် ☐လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၀	မြင့် ☐လတ် ☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနံရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် □လတ် ☑နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ် □နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် □လတ် ☑ နိမ့် □
	အလုပ်သမား /	၀	၀	၀	မြင့် □လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနှိုက်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ဝန်ထမ်း				
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆	၁၀	၄	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၃	မြင့် ☐လတ် ☑နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှနှိုက်ပါ။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ်☐နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၁၀	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ အိမ်ထောင်မိသားစုနီးပါးတိုင်းသည် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင် ရွက်ကြပါသည်။ စပါး၊ ပြောင်းစသည့်သီးနှံများ စိုက်ပျိုးကြပြီး ယခုနောက်ပိုင်းတွင် ပဲသီးနှံကိုလည်း စိုက်ပျိုးလုပ်ကိုင် လာကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၈၀၀၀	၈၀၀၀	၈၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ပန်းရံလုပ်ငန်း					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ ကျား/မ လုပ်အားခ နှုန်းထားများကို ခွဲခြားသတ်မှတ်ထားရှိခြင်းမရှိပါ။ ကျေးရွာတွင်းကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်ကြသောကြောင့် လုပ်သားလိုအပ်ချက်ကို အခြားကျေးရွာ/မြို့နယ်များမှ ခေါ်ယူအသုံးပြု ကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၈၇	ကောင်း ☑ သင့်☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၃.၅	ကောင်း ☐ သင့်☑ ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၆	ကောင်း ☑ သင့်☐ ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
ခနိတောမြေ		ကောင်း ☐ သင့်☐ ညံ့ ☐
စားကျက်မြေ		ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်		ကောင်း ☐ သင့်☐ ညံ့☐
စုစုပေါင်း	၁၂၆.၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)

မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာမြေဧရိယာအများဆုံးပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးလုပ်ကိုင်ရန် စိုက်ပျိုးရေး အခက်အခဲများ ကြုံတွေ့ရပါသည်။ တောင်ယာမြေများမှာ တောင်စောင်းနေရာများတွင် အများဆုံးပိုင်ဆိုင်လုပ်ကိုင်ပြီး၊ ကိုင်း/ကျွန်းမြေများမှာ အခြားကျေးရွာများတွင်လုပ်ကိုင် ကြပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐အ သုံးမပြုနိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မြို့နှင့် မလှမ်းမကမ်းတွင် တည်ရှိပြီး သတ္တုနှင့်အခြား တွင်းထွက်သယံဇာတများ၊ ကျောက်တောင်၊ သဲ နှင့် သဘာဝအပင်မျိုးစိတ်များ မရှိပါ။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၉	၃၄	၁၅	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်း ဥစ္စာဓနအဆင့် အခြေအနေသည် လယ်/ယာမြေရှိခြင်း၊ တိုက်အိမ်ရှိခြင်း၊ ကား/ ထော်လာဂျီရှိခြင်းနှင့် အရောင်း/အဝယ်လုပ်ကိုင်သူများအား အဆင်ပြေသူများအဖြင့် သတ်မှတ်ကြပါသည်။ လယ်/ယာရှိခြင်း၊ တိုက်အိမ်ရှိခြင်းနှင့် ကား/ထော်လာဂျီရှိသူများအား အလယ်အလတ်ရှိသူအဖြင့် သတ်မှတ်ကြသည်။ မြေယာအနည်းငယ်ရှိခြင်း၊ သွပ်မိုး ဝါးထရံကာအိမ်၊ ဆိုင်ကယ်နှင့် မွေးမြူရေးလုပ်ကိုင်သူများအား မပြေလည်ကြသူများအဖြင့် သတ်မှတ်ကြသည်။ မြေယာမရှိခြင်း၊ သက်ကယ်ဝါးထရံကာအိမ်၊ ကျပန်းလုပ်ကိုင်ကြသူများအား အလွန်မပြေလည်ကြသူများအဖြင့် သတ်မှတ်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြလမှ၁၂လအထိဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			၀
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဓိုက်ပျိုးရေ)	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ

ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လယ်ယာမြေတော်တော်များကို မိသားစုဝင်တော်တော်များများ လုပ်ကိုင်နေကြသော် လည်း သစ်တော်များဖြုန်းတီးမှုများကြောင့် ရေရှားပါးမှု ပြဿနာကြုံတွေ့နေရပြီး စိုက်ပျိုးမြေများကို တစ်နှစ်လျှင် တစ်ကြိမ်သာ စိုက်ပျိုးနိုင်သည်။ယခင်က လယ်ယာမြေအတွက် အသုံးပြုနေသော ချောင်းရေကို “ဝ” ဒေသမှ ဆည်ပြုလုပ်၍ ယူသွားသောကြောင့် စိုက်ပျိုးရေ လုံလောက်ခြင်း မရှိတော့သဖြင့် မိုးရေကိုသာ မှီခိုရ၍ လယ်များတွင် စပါးသီးနှံအား မိုးတွင်းကာလများ၌သာ စိုက်ပျိုးနိုင်သည်။မြေဆီလွှာပျက်စီးမှုရှိသဖြင့် စိုက်ပျိုးသီးနှံများတွင် ဓါတ်မြေဩဇာပိုမိုသုံးစွဲလာကြပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၁	လူနည်းစုလူမျိုးများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူရွယ်လူငယ်နှင့် အမျိုးသားများတွင် မူးယစ်ဆေးဝါး၏ အန္တရာယ်ထိခိုက်သက်ရောက်နိုင်မှု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင်း ယာဉ်မောင်း၍ အသက်မွေးလုပ်ကိုင်ကြသည့် မိသားစုရှိသဖြင့် ထိခိုက်သက်ရောက်နိုင်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၁၀	၁၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	အမျိုးသမီးအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၀	၂	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မြစိမ်းရောင်	၁ ☑ ၂ ☐ ၃ ☐	၃	၄	၇	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၄	ဓမ္မစကူး	၁ ☐ ၂ ☐ ၃ ☑	၁၀	၁၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
						သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၅	ပြည်သူ့စစ်အဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၃	၀	၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	မိခင်နှင့်ကလေး	၁ ☐ ၂ ☑ ၃ ☐	၀	၇	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ရပ်မိရပ်ဖအဖွဲ့	၁ ☐ ၂ ☑ ၃ ☐	၅	၀	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့နှင့် အခြားသောအဖွဲ့အစည်းများရှိသော်လည်း ထိုအဖွဲ့အစည်းများ အစည်းအဝေးကျင်းပရန် အဆောက်အအုံနေရာ အခက်အခဲရှိနေပါသည်။ထို့ကြောင့် ဆယ်/ရာစုမှူးအိမ် တွင်သာ စုဝေး၍ ကျေးရွာ၏ လုပ်ငန်းများကို တိုင်ပင်ဆွေးနွေးလျက်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
		၁ ☐ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ ၆ ☐ ၇ ☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၁၇	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၅	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၂	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၅	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၅၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ အိမ်ထောင်စု ၁၀၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းမှာ လယ်ယာမြေ ပိုင်ဆိုင်ကြသည်။ လယ်ယာမြေ မရှိသော အချို့အိမ်ထောင်စု များသည် ငှားရမ်းလုပ်ကိုင်ကြပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☑	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☑
၈	ချောင်းရေ	၈၇	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။လယ်များတွင် စိုက်ပျိုးရာသီအချို့လများတွင် ရေသွင်းနိုင်ရေးအတွက် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်နေရသဖြင့် သီးနှံများအထွတ်နှုန်းကျဆင်းခြင်း၊ အချိန်မှန် မသိမ်းနိုင်ခြင်း၊ လုပ်အားပိုမို သုံးစွဲရခြင်းများဖြစ်ပေါ်လျက်ရှိသည်။ စပါးစိုက်ပျိုးချိန်တွင် ရက်ရှည်လများစွာရေသွင်းရသဖြင့် ရေလုံလောက်ခြင်းမရှိခြင်း၊ ပဲသီးနှံစိုက်ပျိုးသည့် ရာသီတွင် ရေကို တစ်ကြိမ် နှစ်ကြိမ်များသာ ရေသွင်းနိုင်ပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ပြောင်း		တင်း	၅၀	၈၀	၆၀	မေ	ဩဂုတ်	မြင့် ☐ လတ်☑ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑
စပါး		တင်း	၈၀	၁၁၀	၉၀	ဇွန်	နိုဝင်ဘာ	မြင့် ☐ လတ် ☑ နိမ့် ☐	မြင့် ☐ လတ် ☐ နိမ့် ☑
တိုင်ထောင်ပဲ		ကီလို	၁၀၀၀	၁၅၀၀	၁၂၀၀	နိုဝင်ဘာ	ဖေဖော်ဝါရီ	မြင့် ☐ လတ်☑ နိမ့် ☐	မြင့် ☑ လတ် ☐ နိမ့် ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပြောင်းတစ်တင်းအား (၁၀)ကီလိုဖြင့် သတ်မှတ်ရောင်းဝယ်ကြသည်။ ပြောင်းသီးနှံအား မိသားစုဝင်ငွေရရှိအောင် စိုက်ပျိုးရောင်းချကြသည်။ စပါးစိုက်ပျိုးခြင်းကို ယခုနောက်ပိုင်း စိုက်ပျိုးရောင်းချမှု လျော့နည်းသွားပါသည်။ စိုက်ပျိုးထုတ်လုပ်ရာတွင် ကုန်ကျစရိတ်များပြားခြင်းများကြောင့် မိသားစုစားရန် အတွက်သာ စိုက်ပျိုးကြသည်။ ပဲစိုက်တောင်သူများပြားလာပြီး ဝယ်ယူသူများမှ ကျေးရွာသို့ လာရောက်ဝယ်ယူခြင်းရှိသဖြင့် အမြတ်ဝင်ငွေပိုမို ရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၂၈	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၂၅	၀	၀	၀
ရေစုပ်စက်	၄	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၃၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ လယ်မြေများသည် မြေပြန့်များတွင် တည်ရှိသဖြင့် စိုက်ပျိုးရေးသုံး ကိရိယာများ ဝယ်ယူ အသုံးပြုကြသူများ များပြားပါသည်။ ကျွဲ/ နွားများကို အချို့တောင်သူများသာ သုံးစွဲကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☑ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ ☑ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ပဲသီးနှံမျိုးစေ့များကို တရုတ်ကုမ္ပဏီများမှ ကျေးရွာအရောက် အကြွေးစနစ်ဖြင့် လာရောက်ရောင်းချ ခြင်းရှိပါသည်။ အခြား သီးနှံများဝယ်ယူရန် အတွက် မြစိမ်းရောင်အရင်းမပျောက်လည်ပတ်ရန်ပုံငွေမှ ရရှိပါသည်။လုပ်သားများအား အောက်ပြည်မှ လာရောက်သူများကို ငှားရမ်းလုပ်ကိုင်ကြသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐ မဖြေဆိုပါ ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☑ မဖြေဆိုပါ ☐
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐

